**CENTRAL COMMITTEE**
**KACHIN INDEPENDENCE ORGANIZATION**

## နေရပ်စွန့်ခွာ စစ်ပြေးဒုက္ခသည်များနှင့် ပိတ်ဆို့ခံအရပ်သားများအား လူသားချင်းစာနာမှု အကူအညီ ပံ့ပိုးပေးနေသော လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့များနှင့် ပြည်သူများအား ပန်ကြားချက်

၁။ ကချင်ဒေသအတွင်း မြန်မာ့တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်ခြင်းကြောင့် နေရပ်စွန့်ခွာသည့် စစ်ပြေးဒုက္ခသည်များနှင့် ပိတ်ဆို့ခံအရပ်သားများအား လူသားချင်းစာနာသော မေတ္တာဖြင့် အကူအညီပံ့ပိုးပေးနေသော လူမှုရေးအသင်းအဖွဲ့များ၊ ဘာဘာရေးအသင်းအဖွဲ့များနှင့် စေတနာရှင် ပြည်သူများအား အထူးကျေးဇူးတင်ရှိပါသည်။

၂။ KIO သည် စစ်ပြေးဒုက္ခသည်များနှင့် ပိတ်ဆို့ခံအရပ်သားများအား လူသားချင်း စာနာသော အကူအညီပေးနေသည့် အဖွဲ့အစည်းများနှင့် ပြည်သူများကို ပိတ်ပင်တားဆီး ဟန့်တား နှောင့်ယှက်ခြင်း မပြုပါ။

၃။ တိုက်ပွဲဖြစ်ပွားနေဆဲ ဒေသအတွင်းသို့ လူသားချင်းစာနာမှု အကူအညီပေးရန် သွားရောက်မည့် အဖွဲ့အစည်း အစုအဖွဲ့များ အနေဖြင့် မိမိတို့၏ အဖွဲ့အစည်း အမှတ်အသားများကို ထင်ရှားစွာဖော်ပြ တပ်ဆင်၍ သွားလာကူညီမှု ပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ KIO ဖက်ကလည်း လိုအပ်သည့်ကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ နေရပ်စွန့်ခွာစစ်ပြေးဒုက္ခသည်များနှင့် ပိတ်ဆို့ခံအရပ်သားများအား လူသားချင်းစာနာမှု အကူအညီများကို တတ်အားသရွေ့ ဆက်လက်ပံ့ပိုးသွားကြပါရန် မျှော်လင့်ပါသည်။

ဗဟိုကော်မတီ
KIO

၂၀၁၈ ခုနှစ်၊ မေလ (၇) ရက်